# အခန်း ၁၁

# တွေ့ဆုံမေးမြန်းခြင်း

နိုင်ငံတကာ လုပ်ထုံးလုပ်နည်း
အပိုင်း (၄) - လက်တွေ့မှတ်တမ်းတင်ခြင်း - ပြင်ဆင်ခြင်း
စာမျက်နှာ - ၁၆၀ - ၁၈၅

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# သင်ခန်းစာရည်ရွယ်ချက်များ

တွေ့ဆုံမေးမြန်းခြင်း၏ အားသာချက်များနှင့် ဖြစ်နိုင်ခြေရှိသော စိန်ခေါ်မှုများကို သိရှိနားလည်ခြင်း

အထောက်အကူဖြစ်စေသော တွေ့ဆုံမေးမြန်းမှု နည်းစနစ်များနှင့် သင့်လျော်သော မေးခွန်းများကို ဖော်ထုတ်ခြင်း

ပံ့ပိုးကူညီပေးပြီး ၊ သက်တောင့်သက်သာရှိစေပြီး ၊ အားပေးအားမြှောက်ပေးသည့် ပတ်ဝန်းကျင်တစ်ခုကို မည်သို့ဖန်တီးရမည်ကို ရှင်းပြနိုင်ခြင်း


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ဘာကြောင့်တွေ့ဆုံမေးမြန်းသင့်သနည်း?

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၁-၁၆၂

- တွေ့ဆုံမေးမြန်းခြင်းသည် ကျူးလွန်ခံရသူများနှင့် အခြားသက်သေများထံမှ အချက်အလက်များ စုဆောင်းရာတွင် အလွန်အသုံးများသော နည်းလမ်းတစ်ခုဖြစ်သည် - မှန်ကန်ဆင်ခြင်စွာ နှင့် ပညာရှိစွာ လုပ်ဆောင်မည်ဆိုပါက အလွန်အသုံးဝင်ပြီး လုပ်ပိုင်ခွင့်အာဏာဖြစ်စေနိုင်သည်။

- အကယ်၍ မှန်ကန်စွာလုပ်ဆောင်ခြင်းမရှိပါက၊ တွေ့ဆုံမေးမြန်းခြင်းသည် ကျူးလွန်ခံရသူများ / သက်သေများကို စိတ်ဒဏ်ရာပြန်လည်ရရှိစေပြီး၊ ၎င်းတို့ကို နောက်ထပ်အန္တရာယ်ကျရောက်စေ ပြီး၊ အချက်အလက်၏ အရည်အသွေး/ယုံကြည်စိတ်ချရမှုကို ထိခိုက်စေပြီး ၊ သက်သေ၏ မှတ်ဉာဏ် မူရင်းအဓိပ္ပာယ်ကို ပျက်ပြားစေသည်။

- CARSV တွေ့ဆုံမေးမြန်းခြင်းတွင် ပါဝင်သူတိုင်းသည် သင့်လျော်စွာ လေ့ကျင့်တတ်မြောက်ထားပြီး အရည်အချင်းပြည့်မီရပါမည် – ကလေးများ နှင့် အခြားသော ထိခိုက်လွယ်သော ကျူးလွန်ခံရသူများ/သက်သေများ နှင့် ထိတွေ့ဆက်ဆံရာတွင် မြင့်မားသော သီးခြားသတ်မှတ်ထားသော အတွေ့အကြုံလိုအပ်သည်။

**အကယ်၍ သင်သည် ကျွမ်းကျင်မှုများကို အာမခံချက်မပေးနိုင်ပါက တွေ့ဆုံမေးမြန်းခြင်းကို ဆောင်ရွက်ခြင်းမပြုရပါ။**

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ဘာကြောင့်တွေ့ဆုံမေးမြန်းသင့်သနည်း?

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၁-၁၆၂၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

**"WH မေးခွန်းများကို ကျွန်ုပ်တို့ကို ဖြေဆိုခွင့်ပြုသည်။"**

- ဘယ်သူ?
- ဘာလဲ?
- ဘယ်တော့လဲ?
- ဘယ်မှာလဲ?
- ဘယ်လိုလဲ?
- သင်ဘယ်လို သိသလဲ?


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းခြင်း မူဘောင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၃-၁၈၄ ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှု၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

- အောင်မြင်သည့် တွေ့ဆုံမေးမြန်းမှုတစ်ခုသည် သူ့နဂိုအတိုင်းဖြစ်မလာနိုင်ပါ ၊ ၎င်းကို ကောင်းမွန်စွာ စီမံချက်ရေးဆွဲပြီး စီမံခန့်ခွဲနိုင်ရမည် - သင်သည် တစ်သမတ်တည်းဖြစ်ပြီး ယုတ္တိတန်သော ဖွဲ့စည်းပုံတစ်ခုနှင့် အသေးစိတ်ရေးသားပြုစုထားသော စီမံချက်တစ်ခုကို လိုက်နာပါက အောင်မြင်ရန် အခွင့်အလမ်းပိုများမည်။

- PEACE ပုံစံ သည် တွေ့ဆုံမေးမြန်းမှုများအတွက် အဆင့်ငါးဆင့် မူဘောင် ကို ပံ့ပိုးပေးသည်-

**P** – စီမံချက်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း

**E** – ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်း

**A** – အသေးစိတ်ဖြစ်ရပ်ကို ဖော်ပြခြင်းနှင့် ရှင်းလင်းစေခြင်း

**C** – လုပ်ငန်းစဉ် အဆုံးသတ်ခြင်း

**E** – အကဲဖြတ်လေ့လာခြင်း

# တွေ့ဆုံမေးမြန်းခြင်း မူဘောင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၃-၁၈၄ ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

PEACE မူဘောင်သည် ရှုပ်ထွေးပြောင်းလဲတတ်သော လုပ်ငန်းစဉ်တစ်ခုအပေါ် ကျွမ်းကျင်ပညာရှိစွာ ထိန်းချုပ်နိုင်စေရန် ထိန်းသိမ်းပေးပြီး ၊ တွေ့ဆုံမေးမြန်းမှု မတိုင်ခင်၊ လုပ်ဆောင်နေစဉ်နှင့် ပြီးဆုံးချိန်တွင် ရှင်းလင်းပြီး စနစ်တကျဖြစ်စေရန် ပံ့ပိုးကူညီပေးသည်။




*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းခြင်း မူဘောင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၄-၁၆၇ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း ၊ နောက်ဆက်တွဲ (၈) - ကျူးလွန်ခံရသူများ / သက်သေများထံမှ စုဆောင်းရမည့် ကိုယ်ရေးကိုယ်တာအချက်အလက်များအတွက် ပုံစံ

## အဆင့် (၁) - စီမံချက်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း

- **တွေ့ဆုံမေးမြန်းမှု ရည်မှန်းချက်များ** ချမှတ်ခြင်းနှင့် **ရေးသားထားသော စီမံချက်**တစ်ခု ပြင်ဆင်ပါ။
- **ကိုယ်ရေးကိုယ်တာ**နှင့် **အခြားအကဲဆတ်သော** အချက်အလက်များကို မှတ်တမ်းတင်ရန် ဘေးကင်းလုံခြုံ သောစနစ်ကို ဆုံးဖြတ်ပါ။
- **အရေးကြီးသော အကြောင်းအရာများ**နှင့် **ဖြစ်နိုင်ခြေရှိသော မေးခွန်းများ**ကို ဖော်ထုတ်ပါ။
- **တွေ့ဆုံမေးမြန်းခံရမည့်သူ/ဖြေကြားမည့်သူ၏ ကိုယ်ရေးအကျဉ်း**ကို အကဲဖြတ်ပြီး ဖြစ်နိုင်ချေရှိသော **တုံ့ပြန်မှုများ** သို့မဟုတ် **လိုအပ်ချက်များ**အတွက် အရေးပေါ်အစီအစဉ်များ ရေးဆွဲပါ။
- **လက်တွေ့ကျသော စီစဉ်ဆောင်ရွက်မှုများ** နှင့် **အသင့်တော်ဆုံး တွေ့ဆုံမေးမြန်းမည့်နေရာ**ကို စဉ်းစားပါ။

*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းခြင်း မူဘောင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၈-၁၇၁၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင်

## အဆင့် (၂) - ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်း

- **သင်ကိုယ်တိုင်/**သင့်အဖွဲ့ကို **မိတ်ဆက်ပါ**၊ အခန်းကဏ္ဍများကိုရှင်းပြပါ၊ **ဆက်ဆံရေးထူထောင်ပါ။**
- **တွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက်**နှင့် **ခက်ခဲသောမေးခွန်းများ**အကြောင်း ရှင်းပြပါ။
- တွေ့ဆုံမေးမြန်းခြင်းအတွက် **အခြေခံစည်းကမ်းများ** နှင့် **လုပ်ထုံးလုပ်နည်းများ** ချမှတ်ပါ။
- အချက်အလက်များ/ဆက်စပ်နေသော **အန္တရာယ်များ**နှင့် **ကြိုတင်သဘောတူညီချက်**ရယူပါ မှတ်တမ်းတင်ပါ **အနာဂတ်တွင်** ဖြစ်နိုင်ခြေရှိသည့် **အသုံးပြုမှု**ကို ရှင်းပြပါ။
- **လေးစားမှုရှိပြီး ကျွမ်းကျင်အတတ်ပညာရှင်ပီသသူ**ဖြစ်ပါစေ၊ **စိတ်ချစေရန် အာမခံချက်ပေးပါ။**
- ကျူးလွန်ခံရသူ/သက်သေအား **မေးခွန်းများမေးမြန်းခြင်း / စုံစမ်းမှုပုံစံများကို** ထုတ်ဖော်ပြောကြားခွင့်ပြုပါ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ [illegible] အင်စတီကျူ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းခြင်း မူဘောင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၂-၁၈၁၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှု၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## အဆင့် (၃) - အသေးစိတ်ဖြစ်ရပ်ကို ဖော်ပြခြင်းနှင့် ရှင်းလင်းစေခြင်း

- **လွတ်လပ်စွာ ပြန်လည်စဉ်းစားခြင်း** သို့မဟုတ် **ထိန်းကြောင်းပေးသောပုံစံဖြင့် ပြောဆိုခြင်း**ဖြင့် အသေးစိတ် ဖြစ်ရပ်ကို ပြန်လည်ဖော်ပြခြင်း။
- အဖွင့်မေးခွန်းများအသုံးပြု၍ **အချက်အလက်ကို စစ်ထုတ်ခြင်း ၊ TED မေးခွန်းများဖြင့်** စတင်ပါ၊ ထို့နောက် **WH မေးခွန်းများ** - "ဘယ်သူလဲ"၊ "ဘာလဲ" ၊ "ဘယ်တော့လဲ"၊ "ဘယ်မှာလဲ"၊ "ဘယ်လိုလဲ" ၊ "သင်ဘယ်လို သိလဲ" ကို သီးခြားမေးမြန်း၍ ဖော်ထုတ်ပါ။
- CARSV ၏ **သီးခြားသတ်မှတ်ထားသော၊ သာမန်နှင့် ဆက်စပ်မှုရှိသော အကြောင်းအရာများ**ကို ဖြေကြားနိုင်မည့် မေးခွန်းများကို မေးမြန်းပါ၊ ဖြစ်ပေါ် ခဲ့သည့် **အန္တရာယ်များ**ကို မေးမြန်းသည့် မေးခွန်းများကို အမြဲတမ်းထည့်သွင်းပါ။
- သင် သို့မဟုတ် ဖြေကြားသူအတွက် အရေးကြီးသည့် ကိစ္စရပ်များကို **ဖော်ထုတ်ပါ၊ ချဲ့ကားမေးမြန်းပါ၊ စုံစမ်းစစ်ဆေးပါ၊ အနှစ်ချုပ်**ပါ။

# တွေ့ဆုံမေးမြန်းခြင်း မူဘောင်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၂-၁၈၄၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## အဆင့် (၄) - လုပ်ငန်းစဉ်အဆုံးသတ်ခြင်း

- အချက်အလက်ကို **အကျဉ်းချုပ်ခြင်း၊ သက်သေခံချက်/ ထုတ်ပြန်ချက်/ မှတ်စုများကို ပြန်လည်ဖတ်ရှုခြင်း။**
- သက်သေအား အချက်အလက် ဖြည့်စွက်ရန်/ ရှင်းပြရန် အခွင့်အလမ်းပေးခြင်း။
- **နောက်အဆင့်များ**ကို ရှင်းပြပြီး မည်သည့်**မေးခွန်းမျိုးမဆို ဖြေကြားခြင်း / စိုးရိမ်ပူပန်မှုများကို ဆွေးနွေးခြင်း။**
- **ရည်ညွှန်းမှုများ**နှင့် **အနာဂတ်တွင် ဆက်သွယ်ရန် အစီအစဉ်များ**ကို ဆွေးနွေးခြင်း။

## အဆင့် (၅) - အကဲဖြတ်လေ့လာခြင်း

- **တာဝန်ဆောင်ရွက်ချက်အပေါ် ပြန်လည်အစီရင်ခံခြင်းကို အပြည့်အဝ**လုပ်ဆောင်ခြင်းနှင့် အဖွဲ့ဝင်များ၏ သူတစ်ပါးကြောင့်ရရှိသည့် တစ်ဆင့်ခံစိတ်ဒဏ်ရာ (vicarious trauma) ဖြစ်နိုင်ချေကို ထည့်သွင်းစဉ်းစားခြင်း။
- **ရရှိလာသော အချက်အလက်များကို** ပြန်လည် သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်း။
- **သဲလွန်စများ** သို့မဟုတ် **နောက်ထပ်စုံစမ်းစစ်ဆေးမှု လမ်းကြောင်းများ**ကို ဖော်ထုတ်ခြင်း။
- တွေ့ဆုံမေးမြန်းမှုတွင် **သင့်ကိုယ်ပိုင်စွမ်းဆောင်ရည်**ကို နှိုင်းချင့်ဆုံးဖြတ်ခြင်း။

နိုင်ငံတကာလုပ်ထုံးလုပ်နည်း
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမည့်နေရာများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၆-၁၆၇ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု ၊ အခန်း (၈) - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## တွေ့ဆုံမေးမြန်းမည့်နေရာကို ရွေးချယ်ခြင်း

သင်သည် တွေ့ဆုံမေးမြန်းမည့်နေရာကို ရွေးချယ်ရာတွင် ရွေးချယ်စရာများစွာမရှိနိုင်သော်လည်း အောက်ဖော်ပြပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားသင့်သည် -

- ဖြေကြားသူအတွက် ဘေးကင်းလုံခြုံမှု / သက်တောင့် သက်သာ ရှိမှု
- ကိုယ်ရေးကိုယ်တာ အချက်အလက်များ ထိန်းသိမ်းရေး – သင့်အား ကြားနိုင်ပါသလား မြင်နိုင်ပါသလား?
- ယဉ်ကျေးမှု/ ဘာသာရေးအရ သင့်လျော်ပါသလား?
- ဖြေဆိုသူအတွက် သွားလာ ရသည့် အကွာအဝေး၊ သွားရောက်ရလွယ်ကူမှု / အချိန်
- ဖြေကြားသူအတွက် ကုန်ကျစရိတ်နှင့် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးမှု
- ဖြေကြားသူ ရောက်ရှိနေချိန် / ပြန်သွားချိန် ဘေးကင်းလုံခြုံမှု
- ကြားနေခြင်း – SGBV/ ညှင်းပန်းနှိပ်စက်မှုနှင့် ဆက်စပ်မှု မရှိခြင်း။
- တွေ့ဆုံမေးမြန်းသည့် နေရာရှိ အခြား လူပုဂ္ဂိုလ်များ

# တွေ့ဆုံမေးမြန်းမည့်နေရာများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၆-၁၆၇ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှု ၊ အခန်း (၈) - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

**ရှောင်ရှားရမည့် ကိစ္စရပ်များနှင့် နေရာများ**

သင်သည် တွေ့ဆုံမေးမြန်းမည့်နေရာကို ရွေးချယ်သောအခါ တွင်အောက်ဖော်ပြပါကိစ္စရပ်များကို ရှောင်ရှားရန် ကြိုးစားပါ -

- အလွန်လူများသော သို့မဟုတ် လူစည်ကားသော နေရာများနှင့် စောင့်ကြည့်ခံရနိုင်ခြေရှိသည့် နေရာများ
- ကိုယ်ရေးကိုယ်တာ အချက်အလက်များ ထိန်းသိမ်းရေးအတွက် အန္တရာယ် – မမြင်ရအောင် ကြိုးစားပါ၊ သို့သော်လည်း သင့်အား မကြားနိုင်အောင် သေချာလုပ်ပါ / အပြင်မှ တပါးသူ မကြားရပါစေနှင့်။
- သဘောတူညီချက် သို့မဟုတ် ကြိုတင်စီစဉ်ဆောင်ရွက်ထားခြင်းမရှိဘဲ ရုံးခန်းများ / ဆေးခန်းများ / အများပြည်သူဆိုင်ရာ နေရာများကို အသုံးပြုခြင်း။
- အခြားကျူးလွန်ခံရသူများ/ သက်သေများရှိနေခြင်း - တစ်ဦးနှင့်တစ်ဦး ဖြစ်စဉ်/ပြောပြချက်များအပေါ် သက်ရောက်မှုရှိနိုင်သည့် အန္တရာယ်။
- ဖြေကြားသူအပေါ်တွင် လွှမ်းမိုးနိုင်ခြင်း သို့မဟုတ် ခြိမ်းခြောက်စေ၊ရှိ/တွန်းဆုတ်စေနိုင်သည့် အခြားသူများရှိနေခြင်း။
- ကလေးများရှိနေခြင်း (ရှောင်လွှဲနိုင်ပါက) – ပရိဒေ၀ဖိစီးမှု အန္တရာယ် သို့မဟုတ် လျှို့၀ှက်ထားရမည့် ကိစ္စများ ပေါက်ကြားနိုင်ခြင်း

© နိုင်ငံတကာ ရာဇ၀တ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမည့်နေရာများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၆-၁၆၇ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှု ၊ အခန်း (၈) - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

**<u>တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သော လူပုဂ္ဂိုလ်များ</u>**

သင့် အဖွဲ့၏ ဖွဲ့စည်းပုံ သို့မဟုတ် ဖြေကြားသူအတွက် သင့်လျော်သော ပံ့ပိုးကူညီသူတစ်ဦးအား ရွေးချယ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါ-

- အမျိုးသမီးများ သို့မဟုတ် ကလေးများနှင့် ထိတွေ့ဆက်ဆံရာတွင် ယဉ်ကျေးမှု/လူမှုရေးဆိုင်ရာ စည်းမျဉ်းများ
- စကားပြန်နှင့် တွေ့ဆုံမေးမြန်းသည့်အဖွဲ့အတွက် ကျား-မ (gender) ရွေးချယ်မှု
- အသက်ရှင်ကျန်ရစ်သူ အမျိုးသားနှင့် အမျိုးသမီးတို့အတွက် ထုတ်ဖော်ပြောကြားခြင်းအပေါ် အကဲဆတ်မှု – ကျား-မ (gender) အခန်းကဏ္ဍများ
- ပံ့ပိုးကူညီသူသည် သက်သေတစ်ဦး မဖြစ်သင့်ပါ – အကယ်၍ ဖြစ်နေခဲ့ပါက သီးသန့်မေးမြန်းပါ
- ဖြေကြားသူမှ ယုံကြည်စိတ်ချရသူသာဖြစ်သင့်သည် - လျှို့ဝှက်ထားရမည့် ကိစ္စများ ပေါက်ကြားနိုင်ခြင်း
- တွေ့ဆုံမေးမြန်းနေစဉ်အတွင်း မရှိသင့်ပါ - ကလေးများအတွက် ခြွင်းချက်



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# စကားပြန်များဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်း

နိုင်ငံတကာ ... စာမျက်နှာ ... ပဋိပက္ခကိုသတိပြုနားလည်ခြင်း ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု ၊ အခန်း (၈) - ဘေးကင်းရေးနှင့် ... ၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် ကျင့်သုံးမှုဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ... ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

သင့်စကားပြန်သည် အောက်ဖော်ပြပါကဲ့သို့ ... အတွက် သတိထားပြီး ပြင်ဆင်ထားသင့်သည်-

- ထားမှုနှင့်
- အကြမ်းဖက်မှု
- အချက်
- ကလေး

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၇

# စကားပြန်များနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၁ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု ၊ အခန်း (၈) - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

တွေ့ဆုံမေးမြန်းနေစဉ် သင့်စကားပြန်သည် အောက်ဖော်ပြပါ နည်းလမ်းများနှင့် ပြုမူပုံများကို အသုံးချသင့်သည် -

ရှင်းလင်းပြီး ရိုးရှင်းသော ဘာသာစကားကိုအသုံးပြု၍ မရင်းနှီးသော အသုံးအနှုန်းများကို နားလည်အောင် ရှင်းပါ။

တိုက်ရိုက်စကားပြောကို သာသုံးပါ - အသုံအနေအထားနှင့် နှုန်းကို သတိရှိပါ။

လိင်ပိုင်းဆိုင်ရာ အပြုအမူများနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများအတွက် အများအားဖြင့် ဖြစ်နိုင်ခြေရှိသော အသုံးအနှုန်းများနှင့် ရင်းနှီးမှုရှိစေပါ။

ဖြေကြားသူကို တိုက်ရိုက်စကားပြောပါ။

ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ရန် တက်ကြွစွာ နားထောင်ပါ (ကိုယ်ဟန်အနေအထား ၊ ခေါင်းညိတ်ခြင်း ၊ လေးစားမှုဖြင့် မျက်လုံးချင်းဆုံခြင်း)

ဖြေကြားသူ၏ အပြုအမူကို စောင့်ကြည့်ပါ - စကားပြန်နေစဉ် မှတ်စုများရေးသားခြင်းကို ရှောင်ပါ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# စကားပြန်များနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၁ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု ၊ အခန်း (၈) - ဘေးကင်းရေးနှင့်လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၆) - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အခန်း (၁၇) - အမျိုးသားနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

## <u>ဆိုးရွားသော ကျွမ်းကျင်အတတ်ပညာရှင်ဆိုင်ရာ အလေ့အကျင့်</u>

သင်၏ စကားပြန်သည် အောက်ဖော်ပြပါ အမှုအရာများကို ရှောင်ကြဉ်သင့်သည် -

- ဖြေကြားသူနှင့် တိုက်ရိုက်စကားပြောဆိုခြင်း
- "မသက်ဆိုင်သော" အသေးစိတ်အချက်အလက်များကို ချန်လှပ်ထားခြင်း
- မည်သည့်လူပုဂ္ဂိုလ်တစ်ယောက်၏ စကားလုံးများ၏ အဓိပ္ပါယ်ကို ပြောင်းလဲခြင်း
- မေးမြန်းသူအား တွေ့ဆုံမေးမြန်းနေစဉ်အတွင်း အကြံပြုချက်များပေးခြင်း
- ဖြေကြားသူအား (မိမိသဘောဖြင့်) လွတ်လပ်စွာ အဓိပ္ပါယ် ရှင်းလင်းပြောပြခြင်း

... လုပ်ထုံးလုပ်နည်း သင်တန်း ...
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၈-၁၇၁
နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း ၊ နောက်ဆက်တွဲ (၈) - ကျူးလွန်ခံရသူများ / သက်သေများထံမှ စုဆောင်းရမည့် ကိုယ်ရေးကိုယ်တာအချက်အလက်များအတွက် ပုံစံ

**<u>ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်းအဆင့်ရှိ အခြေခံကျသော ကိစ္စရပ်များ</u>**

☑ **သင်ကိုယ်တိုင် / သင့်အဖွဲ့**ကို မိတ်ဆက်ပါ၊ သင့်**အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်**ကို ရှင်းပြပါ။

☑ အကယ်၍ **စကားပြန်တစ်ယောက်**ကို အသုံးပြုပါက၊ ၎င်းတို့အား သေသေချာချာ မိတ်ဆက်ပေးပါ၊ ၎င်းတို့၏ အခန်းကဏ္ဍနှင့် **လျှို့ဝှက်ထိန်းသိမ်းထားခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ**ကို ရှင်းပြပါ။

☑ **တွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက်**နှင့် မေးမြန်းနိုင်သည့် **မေးခွန်းအမျိုးအစားများ**ကို ရှင်းပြပါ။

☑ အချက်အလက်များကို **အနာဂတ်တွင် အသုံးပြုရန် ဖြစ်နိုင်ခြေရှိကြောင်း ၊ တတိယ/ပြင်ပအခြားအဖွဲ့အစည်းများကို ထုတ်ဖော်ပြောကြားခြင်း**နှင့် ဖြေကြားသူအပေါ် **ဖြစ်နိုင်ခြေရှိသော အန္တရာယ်များ**ကို ရှင်းပြပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၈-၁၇၁
နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း ၊ နောက်ဆက်တွဲ (၈) - ကျူးလွန်ခံရသူများ / သက်သေများထံမှ စုဆောင်းရမည့် ကိုယ်ရေးကိုယ်တာအချက်အလက်များအတွက် ပုံစံ

## <u>ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်းအဆင့်ရှိ အခြေခံကျသော ကိစ္စရပ်များ</u>

☑ ကလေးများအပါအဝင်၊ ဖြေကြားသူတို့အား သင်နဲ့ စကားပြောဖို့ **<u>၎င်းတို့တွင် ရွေးချယ်ခွင့်ရှိကြောင်း</u>** စိတ်ချလက်ချရှိစေရန်ပြောပါ။

☑ တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဉ်မှ **ဖြေကြားသူ၏ မျှော်လင့်ချက်များ** ၊ အချက်အလက်အသုံးပြုမှုနှင့် ရရှိနိုင်မည့် ပံ့ပိုးကူညီမှုအမျိုးအစားများကို  အကဲဖြတ်ခြင်းနှင့် စီမံခြင်း။

☑ ဖြေကြားသူသည် ၎င်းတို့အား သင်ပြောပြသည်ကို **နားလည်ကြောင်း** သေချာပါစေ၊ ၎င်းတို့ မေးမြန်းလာသည့် **မည်သည့်မေးခွန်းများကိုမဆို ဖြေဆိုပါ**၊ ၎င်းတို့၏ **ကြိုတင်အသိပေးသဘောတူညီချက်**ကို ရယူပြီး မှတ်တမ်းတင်ပါ။

☑ ဖြေကြားသူအတွက် သက်ဆိုင်ရာ **ကိုယ်ရေးကိုယ်တာအချက်အလက်**အားလုံးကို မှတ်တမ်းတင်ပါ (အမည် ၊ မွေးသက္ကရာဇ် ၊ ကျား-မ (gender) ၊ လူမျိုး /  နိုင်ငံသား / ဘာသာ အကယ်၍ ဆက်စပ်ပါက)။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၈-၁၇၁
နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## <u>လုပ်ငန်းစဉ်အဆုံးသတ်ခြင်းအဆင့်ရှိ အခြေခံကျသော ကိစ္စရပ်များ</u>

☑ လက်ရှိ / ရေရှည် **ဆက်အသွယ်နိုင်မည့် အသေးစိတ်အချက်အလက်များ**ကို တည်ဆောက်ပါ ၊ ထပ်မံ ဆက်သွယ်ရန် သဘောတူညီချက်ယူခဲ့ပါ။

☑ **အခြားဆက်သွယ်နိုင်မည့်နည်းလမ်းများ**ကို ထည့်သွင်းပါ - သူငယ်ချင်းများ ၊ မိသားစု ၊ အဖွဲ့အစည်းများနှင့် အကယ်၍ လိုအပ်ခဲ့ပါက အနာဂတ်တွင် **သင့်ထံ ဆက်သွယ်နိုင်မည့် နည်းလမ်း။**

☑ အချက်အလက်ကို **အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်းအတွက် ကြိုတင်အသိပေးသဘောတူညီချက်**ကို အတည်ပြုချက်ရယူပါ၊ ၎င်းတို့၏ **ဆုံးဖြတ်ချက်ကို ပြောင်းခွင့်ပြု**ပါ။

☑ တွေ့ဆုံမေးမြန်းခြင်း ဖော်ပြချက်ကို ဖြေကြားသူကို **ပြန်လည်ဖတ်ပြပါ** ၊ သင့်လျော်ပါက ၎င်းတို့၏ အကြံပြုချက်၊ လက်မှတ် / မှန်ကန်ကြောင်း သက်သေခံချက်ပေါ်တွင် အခြေခံ၍ **ပြင်ဆင်**ပါ။

☑ **နောက်အဆင့်များ** ၊ ရရှိနိုင်မည့် **လွှဲပြောင်းပေးခြင်းဆိုင်ရာ ရွေးချယ်စရာများ** ၊ ဖြေကြားသူ၏ **လိုအပ်ချက်များ**ကို ဆွေးနွေး ပါ။

☑ **မေးခွန်းများ**နှင့် **စိုးရိမ်ပူပန်မှုများ**ကို ဆွေးနွေးဖြေရှင်းပါ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မေးခွန်းအမျိုးအစားများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၈-၁၇၁
နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

CARSV ကျူးလွန်ခံရသူများ / သက်သေများနှင့် တွေ့ဆုံမေးမြန်းရာတွင် အသုံးဝင်နိုင်သည့် အခြေခံမေးခွန်းအမျိုးအစားအချို့ရှိသည် -

| မေးခွန်းအမျိုးအစားများ | ၎င်းမေးခွန်းတွေဟာ ဘာလဲ? | ၎င်းမေးခွန်းတွေကို ဘယ်အချိန်မှာ အသုံးပြုမလဲ? |
|---|---|---|
| အဖွင့်မေးခွန်းများ | သတ်မှတ်ချက်ဘောင်များပေးနိုင်သော လည်း **ဇာတ်ကြောင်းပြန်တုန့်ပြန်မှု**ကိုရရှိစေပြီး၊ နောက်ထပ်မေးမြန်းမှုများအတွက် အကြောင်းအရာများရရှိစေနိုင်သည်။ | အနှောင့်အယှက်ကင်းစွာ ဖြစ်စဉ်ကို ပြန်လည်မှတ်မိစေရန် **TED မေးခွန်းများ**ဖြင့် စတင်ပါ၊ ထို့နောက် **WH မေးခွန်းများ ဖြင့်** ပိုမိုတိကျသော အဖြေများရရှိရန် လုပ်ဆောင်ပါ။ |
| ရှင်းလင်းခြင်း မေးခွန်းများ | အသေးစိတ်ဖြစ်ရပ်ကို ဖော်ပြခြင်း၏ **ရှေ့နောက် မညီညွတ်မှု** သို့မဟုတ် **မရှင်းသော** ရှုထောင့်တစ်ခု၏ ရှင်းပြချက်ကို မေးမြန်းနိုင်သည်။ | တွေ့ဆုံမေးမြန်းမှု၏ နောက်ပိုင်းအဆင့် |

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# မေးခွန်းအမျိုးအစားများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၆၈-၁၇၁
နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

သင်သည် အထောက်အကူပြုမှုနည်းပါးပြီး ယေဘုယျအားဖြင့် ရှောင်ရှားသင့်သည့် အောက်ဖော်ပြပါ အခြားသော အခြေခံမေးခွန်းအမျိုးအစားများနှင့်လည်း အကျွမ်းတဝင်ရှိစေရန် လိုအပ်သည်။

| မေးခွန်းအမျိုးအစားများ | ၎င်းမေးခွန်းတွေဟာ ဘာလဲ? | ၎င်းမေးခွန်းတွေကို ဘယ်အချိန်မှာ အသုံးပြုမလဲ? |
|---|---|---|
| အပိတ်မေးခွန်းများ | များသောအားဖြင့် သီးခြားသတ်မှတ်ထားသော အဖြေများအတွက် တုန့်ပြန်မှုများကို ကန့်သတ်ထားပြီး / **"ဟုတ်သည်/မဟုတ်ပါ"** တုန့်ပြန်မှုကို ဖြေနိုင်ဖွယ်ရှိသည်။ | ၎င်းမေးခွန်းများသည် ယေဘုယျအားဖြင့် ဦးဆောင်နေသကဲ့သို့ ရှိနေခြင်းကြောင့် ၎င်းတို့ကို ရှောင်ရှားရမည်။ |
| အစဖော်လမ်းခင်းပေးသောမေးခွန်းများ | **အချက်အလက်များကို ထင်မြင်ယူဆခြင်း** သို့မဟုတ် အဖြေတစ်ခုကို အကြံပြုခြင်း။ | မည်သည့်အခါမှ အသုံးမပြုရပါ/ ရှောင် ရှားရမည်။ |
| အမေးပေါင်းများစွာပါသည့် မေးခွန်းများ | **အကြောင်းအရာ အမျိုးမျိုး** ပါဝင်နိုင်သည် / နားလည်သဘောပေါက်ရန် ခက်ခဲနိုင်သည်။ | ရှောင်ရှားသင့်သည် ၊ အထူးသဖြင့် ကလေးသူငယ်များကို မေးမြန်းခြင်းမှ ရှောင်ရှားသင့်သည်။ |

# မေးခွန်းအမျိုးအစားများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၂-၁၇၈ ၊ အခန်း (၄) - လူပုဂ္ဂိုလ်တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ဝတ္တရားများ ၊ အခန်း (၅) - နိုင်ငံ၏ တာဝန်ဝတ္တရား ၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်းစာအုပ် ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

- သင်သည် အဖွင့်မေးခွန်းများကိုသာ အသုံးပြုရန် ရည်ရွယ်သင့်သည် - ၎င်းသည် ဖြေကြားသူအား ပွင့်လင်းစွာ နှင့် လွတ်လပ် စွာအဖြစ်အပျက်များကို ပြန်လည်အမှတ်ရစေရန် လှုံ့ဆော်ပေးသည်။
- အစဖော်လမ်းခင်းပေးသောမေးခွန်းများ၊ အမေးပေါင်းများစွာပါသည့်မေးခွန်းများ၊ အပိတ်မေးခွန်းများ သို့မဟုတ် အတင်းရွေးချယ် ခိုင်းသည့်မေးခွန်းများကို ရှောင်ရှားသင့်သည်၊ ၎င်းတို့သည် ဖြေကြားသူမှ ဖြေပေးရမည့် အချက်အလက်များကို များသော အားဖြင့် အကြံပြု/ရေလာမြောင်းပေး/နှပ်ကြောင်းပေးသည်။

**သင်အဲ့ဒီနေ့က ဘာကို မှတ်မိပါသလဲ?**

အဖွင့်မေးခွန်းများသည် သင့်အား စကားစမည်ပြော ခြင်း/စကားလက်စရှည်စေပြီး – အပိတ်မေးခွန်း များသည် ဖြေကြားသူကို ရပ်တန့်သွားစေခြင်း ကြောင့် နောက်ဆုံးနည်းလမ်းတစ်ခု အဖြစ်သာ ခြွင်းချက်အနေဖြင့် အသုံးပြုရမည်။

**မေလ ၃၁ ရက် ၊ အင်္ဂါနေ့က ကျူးလွန်ခံရပါသလား?**

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# မေးခွန်းအမျိုးအစားများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၂-၁၇၈ ၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်းစာ အုပ် ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

- ဖြစ်စဉ်ကို ပြန်လည်စတင်ပြောကြားရာတွင်၊ ဖြေကြားသူများထံမှ အပြည့်အဝ လွတ်လပ်စွာ တုံ့ပြန်မှုများကို ရရှိစေမည့် TED မေးခွန်းများကို အသုံးပြုပါ။

ကျွန်တော့်ကို ပြောပြပါ...

ကျွန်တော့်ကို ရှင်းပြပါ ...

ကျွန်တော့်ကို ဖော်ပြပေးပါ ,,,

- ဖြစ်စဉ်ကို ပြန်လည်စတင်ပြောကြားပြီးနောက် နောက်ထပ်အသေးစိတ်အချက်အလက်များကို ရယူနိုင်ရန်၊ ပိုမိုတိကျသောအဖြေများ ဖြေကြားပေးရသည့် WH မေးခွန်းများကို အသုံးပြုနိုင်သည်။

ဘာဖြစ်ခဲ့လဲ...?

ဘယ်သူလဲ...?

ဘယ်အချိန်ကလဲ...?

ဘယ်နေရာလဲ...?

ဘယ်လိုမျိုးလဲ...?

သင်ဘယ်လိုသိလဲ..?

နိုင်ငံတကာလုပ်ထုံးလုပ်နည်း …
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်…ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မေးခွန်းအမျိုးအစားများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၂-၁၇၈ ၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်းစာ အုပ် ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

အစဖော်လမ်းခင်းပေးသော မေးခွန်းများကို ရှောင်ပါ - ၎င်းသည် အချက်အလက်များကို သွယ်ဝိုက်ညွှန်းဆိုခြင်း သို့မဟုတ် ထင်မြင်ယူဆစေခြင်း သို့မဟုတ် သီးခြားအဖြေတစ်ခုကို အကြံပြုပေးသည် - အထူးသဖြင့် ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံခြင်း။

သူက မင်းရဲ့ အဝတ်အစားတွေကို ချွတ်လိုက်တဲ့ အချိန်တုန်းကလား?

သူတို့က ဘယ်လို ပုံစံမျိုးနဲ့ ဘယ်လိုမျိုး ပြောခဲ့ကြသလဲ?

ယူနီဖောင်းက အနီရောင်လား ဒါမှမဟုတ် အပြာရောင်လား?

ဆိုးရွားစွာ စီကုံးထားသော မေးခွန်းများ – ရောနှောထားသော သို့မဟုတ် အတင်းရွေးချယ်ခိုင်းသည့် မေးခွန်းများသည် ဖြေကြားသူကို နားလည်ရန်နှင့် ဖြေဆိုရန်ခက်ခဲစေသည်။

သင့်မေးခွန်းများသည် ဖြေကြားသူထံမှ တတ်နိုင်သမျှ အချက်အလက်များစွာရရှိရန် ပုံစံရေးဆွဲထားသင့်ပြီး၊ ကိုယ်ပိုင်ထင်မြင်ယူဆချက် သို့မဟုတ် ဆုံးဖြတ်ချက်/အကဲဖြတ်ချက်အား ထုတ်ဖော်ပြသခြင်း မပြုရပါ။

အဲဒါက တကယ်ဖြစ်ခဲ့တာမျိုး မဟုတ်ဘူး မှတ်လား?


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# အကြောင်းအရာများဆိုင်ရာ မေးခွန်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၆-၁၇၈၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်းစာအုပ်၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ အကြောင်းအရာ/အင်္ဂါရပ်များအားလုံးကို နိုင်ငံတကာ ဥပဒေချိုးဖောက်မှုသို့မဟုတ် ရာဇဝတ်မှုတစ်ခုအဖြစ် မေးခွန်းများထည့်သွင်းမေးမြန်းရန် မမေ့ပါနှင့် ၊ လုပ်ထုံးလုပ်နည်းတွင် အသေးစိတ်ဖော်ပြထားသည် - CARSV ၏ သက်ရောက်မှုနှင့်ပတ်သက်သော မေးခွန်းများလည်းအပါအဝင်ဖြစ်သည်။

- အကြမ်းဖက်ကျူးလွန်မှု၏ အသေးစိတ်များ
- နေရာ/အခြေအနေများ
- အခင်းဖြစ်နေရာတွင် ရောက်ရှိနေသူများ၏ ဖော်ပြချက်

- ပဋိပက္ခ / တိုက်ခိုက်မှု၏ အသေးစိတ်များ
- နိုင်ငံရေး / လုံခြုံရေးအခြေအနေ
- အကြမ်းဖက်မှု / စကားလုံးများ အတွက် ဖြစ်နိုင်သော အကြောင်းအရင်းများ

- ရည်ရွယ်ချက် / အသိပညာ
- အမိန့်ပေးမှု ဖွဲ့စည်းပုံများ
- ကျူးလွန်သူများ၏ တာဝန်များ

- ချက်ချင်းနှင့် ရေရှည် ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာထိခိုက်မှု
- လူမှုရေး/စီးပွားရေး ထိခိုက်မှု

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# အကြောင်းအရာများဆိုင်ရာ မေးခွန်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၆-၁၇၈ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု ၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်းစာအုပ်

**<u>လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ သီးခြားသတ်မှတ်ထားသော ကျူးလွန်မှုများဆိုင်ရာ အချက်အလက်များ</u>**

- သင်၏ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာနှင့် တရားစီရင်ပိုင်ခွင့်အာဏာပေါ်မူတည်၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ သီးခြားသတ်မှတ်ထားသော အပြုအမူ(များ)ကို အမှုတည်ဆောက်နိုင်မည့် အမျိုးအစားနှင့် အသေးစိတ် အတိုင်းအတာသည် ကွဲပြားနိုင်သည် – ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း မရှိစေမှုကို ပြန်လည်အမှတ်ရပါ။

- အကယ်၍ သင်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရာဇဝတ်မှုတစ်ခုအဖြစ် စုံစမ်းစစ်ဆေးမည်ဆိုပါက ၊ ထိုးသွင်းထည့်သွင်းခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအကြောင်း သီးခြားသတ်မှတ်ထားသော အပြုအမူလုပ်ရပ် အသေးစိတ်အချက်အလက်များကို သင့်တရားစီရင်ပိုင်ခွင့်အာဏာရှိ ရာဇဝတ်မှု၏ အကြောင်းအရာ/အင်္ဂါရပ်များပေါ်တွင် မူတည်၍ သက်သေထူထောင်ရန်လိုအပ်နိုင်သည်။

- အကယ်၍ သင်သည် ထောက်ခံလုံ့ဆော်မှု သို့မဟုတ် အစီရင်ခံတင်ပြခြင်း ရည်ရွယ်ချက်ဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို မှတ်တမ်းပြုစုနေပါက၊ ထိုအသေးစိတ်အတိုင်းအတာအထိ သက်သေထူထောင်ရန် မလိုအပ်ပေ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမှု နည်းလမ်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၈-၁၈၁၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှုနှင့် အခန်း (၉) - စီမံချက်ရေးဆွဲခြင်း

- မှန်ကန်သော နည်းစနစ်များနှင့် အပြုအမူများ ကို အသုံးချခြင်းသည် တွေ့ဆုံမေးမြန်းမှုတိုင်း အောင်မြင်မှုအတွက် အရေးကြီးသည် - သင်သည် ဖြေကြားသူအား ၎င်းတို့၏ ဖြစ်စဉ်ကို မျှဝေရန် ကောင်းမွန်ပြီး သက်သောင့်သက်သာဖြစ်သော ပတ်ဝန်းကျင်တစ်ခုနှင့် ဆက်ဆံရေးတစ်ခု ဖန်တီးရမည် - ၎င်းတို့သည် သင့်အား ယုံကြည်/နှစ်သက်ပါက၊ သူတို့သည် သင်နှင့် စကားပြောဆိုရာတွင် ပို၍အဆင်ပြေလိမ့်မည်။

- ယုံကြည်မှုရှိပါ ၊ ကျွမ်းကျင်ပညာရှင်ပီသပြီး ယဉ်ကျေးသိမ်မွေ့ပါ ၊ ဖြေကြားသူအား သင်၏ ကျွမ်းကျင်လိမ္မာမှုနှင့် နွေးထွေးမှု... 

- ဖြေကြားသူသည် လေးစားခံရမှု၊ ပံ့ပိုးမှုနှင့် ထိန်းချုပ်မှု ရှိသည်ဟု ခံစားသင့်သည် - ၎င်းတို့ ဖြစ်ပျက် ခဲ့သည့်အကြောင်းအရာများကို ပြောပြဖို့ရှိမရှိအပေါ်တွင် ရှင်းလင်းပြတ်သားသည့် ရွေးချယ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အာဏာပေးရမည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမှု နည်းလမ်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၈-၁၈၁၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှုနှင့် အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## <u>သင့်လျော်ပြီး မဟာဗျူဟာမြောက်သော မေးခွန်းများကို ရွေးချယ်ခြင်း</u>

သင့်မေးခွန်းများ၏ အမျိုးအစားနှင့် ဘာသာရပ်/အကြောင်းအရာ/ခေါင်းစဉ်များအပြင်၊ အောက်ဖော်ပြပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်-

- ဖြေကြားသူများကို ၎င်းတို့ကိုယ်တိုင် ဖြစ်စဉ်များကို ပြောပြခွင့်ပြုပါ။
- ရှင်းလင်းစေရန် သို့မဟုတ် နားလည်စေရန် စကားလုံး များကို ထပ်တလဲလဲပြော ပါ - အစဖော်ဦးဆောင် ပေးမှုကို ရှောင်ကြဉ်ပါ။
- ဖြေကြားသူ၏ အသက်အရွယ်နှင့် နောက်ခံအကြောင်း အရာနှင့် သင့်လျော်မည့် မေးခွန်းများရွေးချယ်ပါ။
- ဖြေကြားသူ၏ ထင်မြင်ယူဆချက်များ နှင့် ကောက်နုတ်ချက် များကို ရှင်းလင်းစေပါ။
- နောက်ထပ်အသေးစိတ် အချက်အလက်များကို စူးစမ်းပါ - အဖြေကို ဘယ်တော့မှ အကြံမပြုရပါ။
- အချက်အလက်များ ကို မည်သည့်အခါမှ ထင်မြင်မယူဆပါနှင့် - ဖြေကြားသူကို မေးခွန်မေးမြန်းပါ
- ဖြေကြားသူကို မှတ်မိရန် သို့မဟုတ် အသေးစိတ် အချက်အလက်များကို မျှဝေရန် မည်သည့်အခါမှ အတင်းအကြပ်မလုပ်ရ/ ဖိအားမပေးရ။
- တွေ့ဆုံမေးမြန်းမှုကို အဆုံးသတ်ပါ - ဘေးကင်းလုံခြုံစိတ်ချရ သော အဆုံးသတ်မှတ် တစ်ခုကိုရွေးပါ။

# တွေ့ဆုံမေးမြန်းမှု နည်းလမ်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၈-၁၈၁၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှုနှင့် အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## လေးစားမှုရှိပြီး ကျွမ်းကျင်ပညာရှင်ပီသသော အပြုအမူ

- အချက်အလက်ထောက် ဖြေကြားသူကို အမြဲဦးစားပေးပါ။
- နေရာထိုင်ခင်း၏ အရေးပါမှု – လုပ်ပိုင်ခွင့်စွမ်းအား၊ လေးစားမှု ၊ မျက်လုံး ချင်းဆုံခြင်း
- ဖြေကြားသူကို လုပ်ငန်းစဉ်အပေါ် ထိန်းချုပ်မှု ရှိသည့် ခံစားမှုကိုပေးပါ။
- ကြိုတင်အသိပေး သဘောတူညီချက်ရယူ ခြင်းကို ထပ်ခါတလဲလဲ အတည်ပြုခြင်း - ၎င်း သည် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။
- ပံ့ပိုးမှု ၊ နှစ်ထောင်းအား ရခြင်းနှင့် လေစားမှုကို ပြသပါ – သနားခြင်း မပြုရ။
- ယဉ်ကျေးပါ ၊ အာရုံ စိုက်ပါ၊ လူမှုရေး / ယဉ်ကျေးမှုဆိုင်ရာ စံများကို သတိပြုပါ။
- ကိုယ်ဟန်အမူအရာနှင့် မျက်နှာအမူအရာများ – မယုံကြည်မှု သို့မဟုတ် ထင်မြင်ချက်ပေးခြင်း ကို ရှောင်ကြဉ်ပါ။
- စိတ်ရှည်သည်းခံပြီး အချိန်အလုံအလောက် ပေးပါ - တိတ်ဆိတ် ခြင်း၏ စွမ်းအားကို အသုံးပြုပါ။

# တွေ့ဆုံမေးမြန်းမှု နည်းလမ်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၈-၁၈၁၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှုနှင့် အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

**ပူပန်သောက ဖြေဖျောက်ပေးပါ ၊ သို့သော် ကတိများပေးခြင်းကို ရှောင်ကြဉ်ပါ။**

ဖြေကြားသူများ၏ ကြောက်ရွံ့မှုများ သို့မဟုတ် စိုးရိမ်ပူပန်မှုများကို ဖြေဖျောက်ပေးရန် လိုအပ်နိုင်သော်လည်း၊ ၎င်းတို့၏ မျှော်လင့်ချက်များကို ကိုင်တွယ်ပြီး၊ မည်သည့် ကတိမျိုးကိုမဆို ပေးခြင်းမှ ရှောင်ကြဉ်ပါ။

| | | | | |
|---|---|---|---|---|
| အမည်လျှို့ဝှက်ထားခြင်း နှုတ်လုံခြင်း | ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုအတွက် အကာအကွယ်ပေးခြင်း | တရားမျှတမှု / အမှန်တရား / တရားရုံးပြစ်ဒဏ် အမိန့်ချမှတ်ခြင်း | ငွေကြေး သို့မဟုတ် ဝန်ဆောင်မှုများ ပေးခြင်း | ၎င်းတို့အား လည်ပတ်ခြင်း သို့မဟုတ် တွေ့ဆုံခြင်း |

ဖြေကြားသူသည် သင်၏နှုတ်ဆိတ်မှုကို အာမခံချက်ပေးခြင်းအဖြစ် လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်ကို သတိပြုပါ - အကယ်၍ လိုအပ်ပါက သေချာရှင်းပြပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းမှု နည်းလမ်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၈-၁၈၁၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန် စာရင်း၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှုနှင့် အခန်း (၉) - စီမံချက်ရေးဆွဲခြင်း၊ အခန်း (၁၄) - သက်သေခံအထောက်အထားများနှင့် အချက်အလက်များကို စိစစ်အကဲဖြတ်ခြင်းနှင့် အခန်း (၁၅) - စိတ်ဒဏ်ရာ

## ဖြေကြားသူသူ၏ အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများ

ကျူးလွန်ခံရသူများ / သက်သေများထံမှ ဖြစ်နိုင်ချေရှိသော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုအမျိုးမျိုးတို့ကို ရင်ဆိုင်ရန် ပြင်ဆင်ထားပါ - ပြုမူမှုပုံစံတစ်မျိုးတည်းမရှိပါ။

ငင်းတို့သည် စိတ်ဆင်းရဲခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုရန် ရှန်းကန်ခြင်းဖြစ်နိုင်သည်။

ငင်းတို့သည် ဒေါသထွက်ခြင်း ၊ ခုခံခြင်း၊ ထိတ်ထိတ်ပျာပျာဖြစ်ခြင်း၊ အာရုံပျံ့လွယ်ခြင်း သို့မဟုတ် စကား ပြောဖို့ ငြင်းဆိုခြင်း။

ငင်းတို့သည် တည်ငြိမ်ခြင်း၊ စိတ်လှုပ်ရှားခြင်းမရှိပဲ ဖြစ်စဉ်များကို ပြန်လည်ပြောပြခြင်း/ဆွေးနွေးခြင်း။

စိတ်ဒဏ်ရာရခြင်း (ယုံကြည်လက်ခံထိုက်မှု ရှိမရှိ မေးခွန်းမဟုတ်ပါ) - ငင်းတို့သည် ဖြစ်ရပ်များ၏ အသေးစိတ်များ / ဖြစ်စဉ် ကို အစီအစဉ်အလိုက် မှတ်မိနိုင်ရန် ရှန်းကန်ရ ခြင်း။

အကယ်၍ ငင်းတို့သည် အရမ်းစိတ်ရှုပ်လာလျှင် သို့မဟုတ် ကသိကအောက်ဖြစ်လာပါက ၊ ငင်းတို့ကို အနားယူခိုင်းပါ။

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမှု နည်းလမ်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၇၈-၁၈၁၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း၊ အခန်း (၂) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို သိရှိနားလည်ခြင်း၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု၊ အခန်း (၁၄) - သက်သေခံအထောက်အထားများနှင့် အချက်အလက်များကို စိစစ်အကဲ ဖြတ်ခြင်းနှင့် အခန်း (၁၅) - စိတ်ဒဏ်ရာ

## အသိအမှတ်ပြုခြင်းနှင့် ထင်မြင်ယူဆချက်များ/ သမာရိုးကျ အယူစွဲများကို ရှောင်ရှားခြင်း

CARSV ကျူးလွန်ခံရသူများ / သက်သေများအကြောင်း သာမန်သမာရိုးကျ အယူစွဲများနှင့် ယူဆချက်များကို ရှောင်ရှားရန် သတိရှိပါ - ဖြေကြားသူသည်...

- ရှက်ကြောက်ခြင်း သို့မဟုတ် ညစ်ညမ်းသည်ဟု ခံစားရလိမ့်မည်ဟု မမှတ်ယူရ။
- ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ ရရှိမည်ဟု မမှတ်ယူရ။
- ပြင်းထန်စွာ စိတ်ဒဏ်ရာရလိမ့်မည်ဟု မမှတ်ယူရ။
- ၎င်းတို့၏ စိတ်ဒဏ်ရာများသည် ၎င်းတို့အပေါ် အများယုံကြည်လက်ခံနိုင်မှုကို အနုတ်သဘောဆောင်သော သက်ရောက်မှုများရှိလာသည်ဟု မမှတ်ယူရ။
- အဆိုပါကိစ္စကို ပြောပြချင်စိတ်မရှိဟု မမှတ်ယူရ။
- ကြံ့ခိုင်မှုမရှိ သို့မဟုတ် အားနည်းလိမ့်မည်ဟု မမှတ်ယူရ။
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ၎င်းတို့၏ အဆိုးရွားဆုံး သို့မဟုတ် အခက်ခဲဆုံး အတွေ့အကြုံ ဖြစ်ခဲ့သည်ဟု မမှတ်ယူရ။
- ထိုအကြောင်းကို အခြားမိန်းမ/ယောကျ်ားနှင့်သာ ပြောဆိုလိုစိတ်ရှိလိမ့်မည်ဟု မမှတ်ယူရ။

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမှု အချက်အလက်များ မှတ်တမ်းတင်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၅ ၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း မရှိစေမှု၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း ၊ နောက်ဆက်တွဲ (၉) - အုပ်ထိန်းမှုကွင်းဆက်ပုံစံ

## ဖြေကြားသူ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို မှတ်တမ်းတင်ခြင်း

- ဖြစ်နိုင်သည့်အခါတိုင်း၊ "ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်း" အဆင့်တွင် တွေ့ဆုံမေးမြန်းခြင်း၏ အစ ပိုင်းတွင် ကိုယ်ရေးကိုယ်တာအချက်အလက်များကို မှတ်တမ်းတင်ထား သင့်သည်။

- နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (၈) သည် ကျူးလွန်ခံရသူများ / သက်သေများထံမှ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စုဆောင်းရန်အတွက် ပုံစံတစ်ခုကို ဖော်ပြထားသည် - ကိုယ်ရေးကိုယ်တာအချက်အလက်များကို သိမ်းဆည်းရာတွင် သင့်တွင် တရားဝင် / ဥပဒေ တာဝန်ဝတ္တရားများရှိနိုင်သည်ကို သတိရပါ။

- ဖြေကြားသူ၏ ကြိုတင်အသိပေး သဘောတူညီချက်ရယူချက်ကို မှတ်တမ်းတမ်းပြုစုပါ ၊ ဖြေကြားသူ၏ ထွက်ဆိုချက်မှ ကိုယ်ရေးကိုယ်တာအချက်အလက်များအားလုံးကို သီးခြားမှတ် တမ်းတင်ပါ၊ လုံခြုံရေးအကြောင်းပြချက်များကြောင့် ကုဒ်နံပါတ်တပ်ခြင်းစနစ်ကို အသုံးပြုပါ။



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# တွေ့ဆုံမေးမြန်းမှု အချက်အလက်များ မှတ်တမ်းတင်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၅၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း မရှိစေမှု၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## ဖြေကြားသူထံမှ ရရှိလာသည့်အချက်အလက်များကို မှတ်တမ်းတင်ခြင်း

| တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ | တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာ မရှိသူများ |
|---|---|
| သက်သေခံချက် / တွေ့ဆုံမေးမြန်းမှု ထွက်ဆိုချက်ပေးခြင်း။ | တွေ့ဆုံမေးမြန်းမှု မှတ်စုများ ရေးသားခြင်း။ |
| ပထမလူ (ကာယကံရှင်) ပုံစံ / ပြောခဲ့သည့်အတိုင်း မှတ်တမ်းတင်ခြင်း။ | ပထမလူ (ကာယကံရှင်) သို့မဟုတ် တတိယလူ (ကြားခံ အခြားသူ) ပုံစံဖြင့် အလျဉ်းသင့်သလို မှတ်တမ်းတင်ခြင်း။ |
| လက်မှတ်ရေးထိုးခြင်း / အခြားဖြစ်နိုင်သော လုပ်ရိုးလုပ်စဉ်များ ဆောင်ရွက်ခြင်း။ | လက်မှတ်ထိုးစရာ မလိုခြင်း။ |
| အသံ / ဗီဒီယို ဖြင့် မှတ်တမ်းတင်ထားနိုင်သည်။ | အသံ မှတ်တမ်း/ ဗီဒီယို မှတ်တမ်း / အန္တရာယ်များကို ရှောင်ကြဉ်ပါ။ |


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းမှု အချက်အလက်များ မှတ်တမ်းတင်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၅၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်း မရှိစေမှု၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း

## ဖြေကြားသူထံမှ ရရှိလာသည့်အချက်အလက်များကို မှတ်တမ်းတင်ခြင်း

- ဖြေကြားသူထံမှ ရရှိလာသော မည်သည့်အခြားအချက်အလက်များအားလုံး (ဥပမာ - ဓါတ်ပုံများ ၊ စာရွက်စာတမ်းများ) ကိုမဆို မှတ်တမ်းတင်ထားပါ ၊ တွေ့ဆုံမေးမြန်းမှု ထွက်ဆိုချက် / မှတ်စုများကို အပြန်အလှန်ကိုးကားနိုင်ရန်အတွက် နံပါတ်တပ်သည့်စနစ် ကို အသုံးပြုပါ။
- ကျူးလွန်ခံရသူ / သက်သေတစ်ဦးချင်းစီ၏ သက်သေများကို သီးခြားစီ မှတ်တမ်းတင်ပြီး ဖိုင်တွဲပါ။
- အမှားပြင်ဆင်ချက်များနှင့် တိကျမှုရှိစေရန်အတွက် တွေ့ဆုံမေးမြန်းမှု မပြီးဆုံးမီ ဖြေကြားသူကို ထွက်ဆိုချက် / မှတ်စုများကို သေချာပြန်ဖတ်ပြပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းမှု အချက်အလက်များ သိမ်းဆည်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၅၊ အခန်း (၇) - ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း မရှိစေမှု၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊

- တွေ့ဆုံမေးမြန်းမှု အချက်အလက်များအားလုံးကို လုံလုံခြုံခြုံနှင့် သင့်လျော်စွာ သိမ်းဆည်းထားကြောင်း သေချာစေရန် သင့်တွင် တာဝန်ဝတ္တရားရှိသည် - အထူးသဖြင့် ကိုယ်ရေးကိုယ် တာအချက်အလက်နှင့် မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်နိုင်မည့် အလားအလာရှိသော အချက်အလက်မျိုးဖြစ်သည်။
- သင်သည် ဆက်စပ်မှုရှိသော အချက်အလက်များကို သီးခြားသိမ်းဆည်းထားရမည် - ကိုယ်ရေး ကိုယ်တာ အချက်အလက်၊ လုံခြုံရေး သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ မှတ်ချက်များ ၊ ခွဲခြမ်းစိတ် ဖြာမှု ၊ သဲလွန်စဖော်ပေးနိုင်မည့် စာရင်းများအားလုံးကို တွေ့ဆုံမေးမြန်းမှု ထွက်ဆိုချက် / မှတ်စုများမှ သီးခြားသိမ်းဆည်းထားရမည်။
- တွေ့ဆုံမေးမြန်းမှု ထွက်ဆိုချက်များ / မှတ်စုများ သိမ်းဆည်းခြင်းနှင့် အခြားဆက်စပ်သော အချက်အလက် များအတွက် တသမတ်တည်း အမည်ပေးခြင်း/နံပါတ်သတ်မှတ်ခြင်းစနစ်တစ်ခုကို အသုံးပြုပါ – ၎င်းသည် အပြန်အလှန်အကိုးအကား ပြုလုပ်နိုင်ပြီး လုံခြုံရေးအန္တရာယ်များကို လျှော့ချပေးသည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# တွေ့ဆုံမေးမြန်းမှု စီမံချက်ရေးဆွဲခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၅၈ (ပုံ - ၉) ၊ စာမျက်နှာ ၈၈ (ပုံ - ၁) ၊ စာမျက်နှာ ၁၂၆ (ပုံ - ၃)၊ စာမျက်နှာ ၁၃၀ (ပုံ - ၆) ၊ စာမျက်နှာ ၂၁၈ (ပုံ - ၄) နှင့် စာမျက်နှာ ၂၆၈ (ပုံ - ၃)

## လေ့ကျင့်ခန်း

သင်တန်းဆရာမှ ပေးထားသည့် ဖြစ်စဉ်ကို သေချာဖတ်ပြပါ ၊ သင်တန်းသားများကို အဖွဲ့များခွဲ၍ တွေ့ဆုံမေးမြန်းမှု ဖြေကြားမည့်သူများအတွက် အသေးစိတ် တွေ့ဆုံမေးမြန်းမှု စီမံချက်တစ်ခုကို ဆွေးနွေးပြင်ဆင်ပါ - အောက်ဖော်ပြပါ ကိစ္စရပ်များကို စဉ်းစားပြီး စီမံချက်ရေးဆွဲပါ -

| | | | |
|---|---|---|---|
| ဖြေကြားသူများကို ချဉ်းကပ်ရန် အကောင်းဆုံးနည်းလမ်း | ဆွေးနွေးရမည့် အရေးကြီးသော အကြောင်းအရာများ | တွေ့ဆုံမေးမြန်းမှု နေရာများအတွက် သတ်မှတ်ချက်များ | သင့်လျော်သော မေးခွန်းအမျိုးအစားများ / ပုံစံများ |
| ဖြစ်နိုင်ချေရှိသော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများ / လိုအပ်ချက်များ | တွေ့ဆုံမေးမြန်းမည့် အဖွဲ့၏ ဖွဲ့စည်းမှု / ကျား-မ (gender) | ဘေးကင်းလုံခြုံရေး / ကိုယ်ရေးကိုယ်တာအချက်အလက် ကိစ္စရပ်များ ၊ အလား အလာရှိသော ညွှန်းဆိုပေးနိုင်မည့်သူ/နေရာများ | |

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*